**သတင်းထုတ်ပြန်ချက်**
**ရန်ကုန် ၊ ၄ ရက် ၊ ဧပြီလ ၂၀၁၉**

## ၂၀၁၅ ဥရောပသမဂ္ဂ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး မစ်ရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု ရှေ့လုပ်ငန်းစဉ်

ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး နောက်ဆက်တွဲမစ်ရှင်ကို မတ်လ ၁၄ ရက် ၂၀၁၉ တွင် ဥရောပသမဂ္ဂမှ စေလွှတ်ခဲ့သည်။ မစ်ရှင်ကို ယခင်ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးမစ်ရှင်အကြီးအကဲ ၊ ဥရောပ ပါလီမန် ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ Mr. Alexander Graf Lambsdorff မှ ဦးဆောင်ပါသည်။

နောက်ဆက်တွဲမစ်ရှင်၏ ရည်ရွယ်ချက်မှာ ဥရောပသမဂ္ဂ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး မစ်ရှင် (EU EOM) ၏ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အကြံပြုချက်များကို ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ၏ အခြေအနေကို လေ့လာရန် ဖြစ်ပါသည်။ မစ်ရှင်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် (UEC)၊ ပါလီမန်၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် နည်းပညာရပ်ဆိုင်ရာ ပံ့ပိုးသူများနှင့် တွေ့ဆုံခဲ့သည်။

EU EOM ၏ ၂၀၁၅ အကြံပြုချက်အချို့မှာ အကောင်အထည်ဖော်ထားပြီး ဖြစ်သည်။ အချို့မှာ ကျန်နေဆဲ ဖြစ်သည်။ ရွေးကောက်ပွဲ နောက်ဆက်တွဲမစ်ရှင်အနေဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မတိုင်မီ အကောင်အထည်ဖော်သင့်သည့် ဦးစားပေးအကြံပြုတင်ပြချက်များကို အထူးလေ့လာခဲ့သည်။ ၎င်းတို့မှာ ရှေးဦးစွာ UEC ၏လုပ်ငန်းများ ပွင့်လင်းမြင်သာရှိမှု၊ မဲဆန္ဒရှင်ကို မှတ်ပုံတင်စာရင်းသွင်းခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် နိုင်ငံရေးပါတီဝင်များတွင် အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်ခွင့် စသည်တို့ ဖြစ်ပါသည်။

ဤအခြေအနေတွင် မစ်ရှင်အနေဖြင့် ဧပြီလ ၄ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းလေ့လာသူအဖွဲ့များ၊ နိုင်ငံတကာ နည်းပညာထောက်ပံ့သူများနှင့် စားပွဲဝိုင်းဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ တက်ရောက်သူများအနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲမှုအတွက် EU EOM ၏ အကြံပြုတင်ပြချက်များကို အတူတကွဆွေးနွေးခွင့် ရရှိခဲ့ပါသည်။

"ယနေ့စားပွဲဝိုင်းဆွေးနွေးမှု၏ အရေးကြီးသောအချုပ်မှာ ရွေးကောက်ပွဲနှင့် ဆက်စပ်သော လုပ်ဆောင်မှုများတွင် UEC နှင့် နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများအကြား ပိုမိုကောင်းမွန်သော ပြန်ကြားဆက်သွယ်ရေး လိုအပ်ပါသည်။ ဤသည်မှာ ရွေးကောက်ပွဲနှင့် ပါဝင်ပတ်သတ်သူများမှ တရားဝင်တောင်းဆိုမှု ဖြစ်ပါသည်။ ကျွန်တော်တို့အနေဖြင့် UEC မှ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို ပါဝင်ပတ်သတ်သူများသို့ ပုံမှန်အသိပေးခြင်းကို ပိုမိုထိရောက်သော ပြန်ကြားဆက်သွယ်ရေးစနစ် အသုံးပြုရန် တိုက်တွန်းအားပေးပါသည်။ ယခုအချိန်သည် မြန်မာပြည်မှ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများအနေဖြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် အားလုံးပါဝင်လာစေရန်၊ အများယုံကြည်လက်ခံလာစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဝိုင်းဝန်းလုပ်ဆောင်သင့်သော အချိန် ဖြစ်ပါသည်" ဟု ယနေ့ပြုလုပ်သည့် သတင်းမီဒီယာတွေ့ဆုံမှုတွင် Mr. Lambsdorff မှပြောကြားသွားခဲ့ပါသည်။

ရွေးကောက်ပွဲနောက်ဆက်တွဲ မစ်ရှင်စေလွှတ်မှုသည် EU မှ မြန်မာပြည်၏ ဒီမိုကရေစီလမ်းကြောင်းဖော်ဆောင်မှုကို အင်တိုက်အားတိုက်ပံ့ပိုးကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ မစ်ရှင်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အတွက် ဖွဲ့စည်းပုံပြင်ဆင်ရေးပူးတွဲကော်မတီဖွဲ့စည်းပြင်ဆင်ခြင်း ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အစိုးရကို အရပ်ဖက်နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ပဋိညာဉ် (ICCPR) ကို လက်မှတ်ရေးထိုးရန်အတွက် အားပေးကာ ၎င်း၏ အခြေခံဒီမိုကရေစီ စံနှုန်းများအပေါ် အလေးထားမှုကို ဝမ်းမြောက်စွာ ကြိုဆိုပါသည်။